World Health Organization
Myanmar

# WHO Myanmar newsletter
## January - July 2021

## Coronavirus disease update

### Myanmar *as at 20 June 2021*

| confirmed cases | confirmed deaths | recovered cases |
|---|---|---|
| 148,022 | 3,262 | 133,606 |

source: Ministry of Health & Sports, 20 June 2021

do 3Ws




## SARS CoV-2 မျိုးရိုးဗီဇကွဲရောဂါပိုးများ

- လက်ရှိတွင် မျိုးရိုးဗီဇကွဲ Covid19 ရောဂါပိုးနှင့်ပတ်သက်၍ မျိုးရိုးဗီဇကွဲ (Variant of Concern) ၄ မျိုးနှင့် မျိုးရိုးဗီဇကွဲ (Varient of Interest) ၇ မျိုးရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် အန္တရာယ်အပေါ်မူတည်၍ ကမ္ဘာတစ်ဝှမ်းတွင် ခြေရာခံလေ့လာနေသည်ကို ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင်ဖော်ပြခဲ့ပါသည်။

| WHO label | variant of concern | first detected country | transmission *as at 15 June 2021* |
|---|---|---|---|
| Alpha | B.1.1.7 | United Kingdom | 164 countries |
| Beta | B.1.351 | South Africa | 115 countries |
| Gamma | P.1 | Brazil | 68 countries |
| Delta | B.1.617.2 | India | 80 countries |

- မျိုးရိုးဗီဇကွဲ (Varient of Interest) Covid19 ရောဂါပိုး (၇) မျိုး၊ မျိုးကွဲ B.1.429 ကို Epsilon ဟု အမည်တပ်ပြီး မျိုးကွဲ P.2 ကို Zeta၊ မျိုးကွဲ B.1.525 ကို Eta၊ မျိုးကွဲ P.3 ကို Theta၊ မျိုးကွဲ B.1.526 ကို Iota၊ မျိုးကွဲ B.1.617.1 ကို Kappa နှင့် မျိုးကွဲ C.37 ကို Lambda ဟု အမည်တပ်ထားပါသည်။

* ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ထုတ်ပြန်ချက်များအရ မျိုးရိုးဗီဇပြောင်းလဲသည့် Strain တွေ့ရှိမှုအနေဖြင့် Alpha နှင့် Delta မျိုးရိုးဗီဇကွဲ (VOCs) နှင့် Kappa မျိုးရိုးဗီဇကွဲ (VOI) များကို မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ပါသည်။




avoid 3Cs

avoid confined and enclosed spaces with poor ventilation

### ရောဂါကူးစက်နိုင်မှုမှာ

မျိုးရိုးဗီဇကွဲ (Varients of Concern) အားလုံးသည် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း မြင့်မားသော်လည်း ရောဂါကူးစက်မှုနည်းလမ်းမှာ မပြောင်းလဲပါ။

### ရောဂါပြင်းထန်မှုမှာ

မျိုးရိုးဗီဇကွဲ (Varients of Concern) အားလုံးသည် ဆေးရုံတက်ရောက်ကုသရနိုင်ခြေ၊ ရောဂါပြင်းထန်စေခြင်းနှင့် သေဆုံးနိုင်ခြေ မြင့်တက်စေခြင်းတို့ ဖြစ်စေနိုင်ပါသည်။ သို့သော် ထပ်မံ၍ ဆန်းစစ် သုံးသပ်ရန် လိုအပ်ပါသည်။

## SARS CoV-2 မျိုးရိုးဗီဇကွဲ ရောဂါပိုးအသစ်များအပေါ် WHO ၏ အကြံပြုချက်များ

- ဗိုင်းရပ်စ် မျိုးရိုးဗီဇပြောင်းလဲမှုများဖြစ်ပေါ်ခြင်းကို လျှော့ချရန်အတွက် ခိုင်မာပြီးအောင်မြင်သည့် ရောဂါထိန်းချုပ်မှုနည်းလမ်းများဖြင့် ရောဂါကူးစက်မှုကို လျှော့ချခြင်းဟာ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ၏ အရေးကြီးသောကဏ္ဍဖြစ်ပါသည်။
- ရရှိသောသတင်းအချက်အလက်များအရ အများပြည်သူကျန်းမာရေးနှင့် လူမှုရေးစီမံဆောင်ရွက်မှု အထောက်အထားများက ကာကွယ်ဆေးများ၊ ရောဂါရှာဖွေရေးနှင့် ရောဂါကုထုံးများသည် ၎င်းမျိုးရိုးဗီဇကွဲ ဗိုင်းရပ်စ်ပိုးများကို ဆက်လက်နှိမ်နင်းနိုင်ကြောင်း သိရပါသည်။
- ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေး စီမံဆောင်ရွက်ချက်များဖြင့် SARS-CoV-2 နှင့် ၎င်း၏မျိုးရိုးဗီဇကွဲ ဗိုင်းရပ်စ်ပိုးများ ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ရန် အရေးကြီးပါသည်။
- ရောဂါကူးစက်မှုကို ကာကွယ်တားဆီးရေးနှင့် ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ချက်များ - ကူးစက်ရောဂါ စောင့်ကြည့်လေ့လာရေး၊ နည်းဗျူဟာစမ်းသပ်ခြင်းနှင့် SARS-CoV-2 စနစ်တကျ အစီအစဉ်များအပါအဝင် လက်ရှိဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေး စီမံဆောင်ရွက်ချက်များကို ဆက်လက်အားဖြည့်ပေးရန် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များကို အားပေးတိုက်တွန်းပါသည်။

## ကာကွယ်ရေးနည်းလမ်းများ

- လက်ကို ဆပ်ပြာနှင့်ရေအသုံးပြုပြီး ပုံမှန် သေချာစွာဆေးကြောပါ (သို့) alcohol ပါသော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- သင်နှင့်အခြားသူများ၊ စကားပြောနေသူများ၊ ချောင်းဆိုးနှာချေနေသောသူများနှင့် စိတ်ချရသော အကွာအဝေးတွင် နေပါ။
- ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို အခြားလူများနှင့်အတူရှိနေစဉ်တွင် ပုံမှန်ဝတ်ဆင်ပါ။
- အလုံပိတ်ထားသောနေရာများ၊ လူထူထပ်သောနေရာများ (သို့) လူအများနှင့် အနီးကပ်ထိတွေ့ဆက်ဆံရသည့်နေရာများကို ရှောင်ပါ။
- အိမ်များ၊ ရုံးများ၊ စားသောက်ဆိုင်များနှင့် အလုံပိတ်ထားသော နေရာများကို လေဝင်လေထွက် ကောင်းပါစေ။
- လူများနှင့် အပြင်ဘက်တွင် တွေ့ဆုံပါ။
- မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို မထိတွေ့ မကိုင်တွယ်ပါနှင့်။
- ကောင်းမွန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ သန့်ရှင်းမှုကို လိုက်နာရန် သင်ချောင်းဆိုး၊နှာချေသောအခါ ပါးစပ်နှင့် နှာခေါင်းကို သင်၏တံတောင်ကွေး (သို့) တစ်ရှူးနှင့် ဖုံးအုပ်ထားပါ။ အသုံးပြုပြီးသော တစ်ရှူးကို သေချာစွာ ချက်ချင်းစွန့်ပစ်ပါ။
- မကြာခဏ ထိတွေ့ရသော အရာဝတ္ထုများနှင့် မျက်နှာပြင်များကို သန့်ရှင်းဆေးကြောပါ။
- သင် နေထိုင်မကောင်းဟုခံစားရလျှင် အိမ်တွင်နေပါ။
- သင့်တွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းများရှိပါက ဆေးကုသမှု ချက်ချင်း ခံယူပါ။

သင်ရဲ့လက်ကို ဆပ်ပြာနှင့်ရေဖြင့် ဆေးကြောခြင်း (သို့) alcohol ပါသော လက်သန့်စင်ဆေးရည်ကို အသုံးပြုခြင်းကဲ့သို့သော ရိုးရှင်းသော ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများကို လိုက်နာခြင်းဟာ လူစုလူဝေး အခမ်းအနားများအတွက် အရေးကြီးသလို လူတစ်ဦးနှင့် တစ်ဦးအကွာအဝေးကို သတိပြုခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ (ချောင်းဆိုး၊ နှာချေ) ကျင့်ဝတ်တို့ကို လိုက်နာခြင်းဟာလည်း လူစုလူဝေး အခမ်းအနားများတွင် Covid19 ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အလွန်ပင် အရေးကြီးပါတယ်။

*editorial date 21 June 2021*

# Covid19 ကာကွယ်ဆေးများ

- ကာကွယ်ဆေးများသည် Covid19 တိုက်ဖျက်ရေးတွင် အရေး ပါသော လက်နက်အသစ်ဖြစ်သည်။ ကာကွယ်ဆေးများဟာ လူများရဲ့ အသက်တွေကို ကယ်တင်နိုင်ခြင်း၊ ဆေးရုံတက်ရောက် ကုသရခြင်းများ ကို လျှော့ချနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တည်ငြိမ် စေပြီး စီးပွားရေးများ ပြန်လည်နာလန်ထူလာစေရန် တို့ကို ကူညီပေး နိုင်ပါသည်။
- မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ လှူဒါန်းခဲ့သော Covid19 ကာကွယ်ဆေးများ (Covidsheild-SII) ကို ပထမအသုတ်အနေဖြင့် ၁.၅ သန်းကို လက်ခံရရှိခဲ့ပါသည်။ ၎င်းသည် လူတစ်ဦးလျှင် ဆေး ၂ ကြိမ်ထိုးရန် လိုအပ်ပြီး လူဦးရေ ၇၅၀,၀၀၀ ကိုလွှမ်းခြုံနိုင်ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးသော ဝန်ထမ်းများနှင့် ရှေ့တန်းမှ ကျန်းမာရေးစေတနာ့ဝန်ထမ်းများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ပြီး နောက်ဆက်တွဲ အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေး အစီအစဉ်အလိုက် ထိုးနှံပေးခဲ့ပါသည်။
- မြန်မာနိုင်ငံ ကာကွယ်ဆေးဖြန့်ဝေထိုးနှံမည့်အစီအစဉ်အရ မြန်မာနိုင်ငံ လူဦးရေ၏ ၁၀၀ ရာနှုန်းကို ၂၀၂၁၊ ၂၀၂၂ နှင့် ၂၀၂၃ ကာလအတွင်းတွင် အဆင့်များဖြင့် လွှမ်းခြုံထိုးနှံပေးသွားရန် ရည်ရွယ်ပါသည်။ ပထမဆင့်အနေဖြင့် လူဦးရေ၏ ၆၇% ကို ၂၀၂၁ အတွင်းနှင့် ၂၀၂၂ အစောပိုင်းတွင်၎င်း၊ ကျန်လူဦးရေ ၃၃%ကို ပြည်နယ်နှင့် တိုင်းများရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင်နေထိုင်သော အသက် ၀-၁၈ နှစ်ကြားလူများကို၎င်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများ၏ နည်းဗျူဟာ အကြံပေးအဖွဲ့ (SAGE) ၏ အကြံပြုချက်များကို လိုက်နာပြီး ထိုးနှံပေးသွားမည် ဖြစ်ပါသည်။
- ကမ္ဘာ့အဆင့်တွင် WHO သည် မိတ်ဖက်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ACT မှတစ်ဆင့် ကပ်ရောဂါ မပြန့်ပွားစေရန် တုန့်ပြန်ဆောင်ရွက်ချက်များကို အရှိန်မြှင့်တင်ရန် လုပ်ဆောင်နေပါသည်။
- Covid19 စမ်းသပ်စစ်ဆေးမှုများ၊ ကုသမှုများနှင့် ကာကွယ်ဆေးများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှုနှင့် ၎င်းတို့ကို တန်းတူညီမျှစွာ အသုံးပြုခွင့်ရရှိစေရေးတို့အတွက် အရှိန်မြှင့်တင်မှုများ (ACT accelerator) က အစိုးရများ၊ သိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပရဟိတ ဆောင်ရွက်သူများ၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများ စသည်တို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေပါသည်။
- မြန်မာနိုင်ငံတွင် Covid19 ကာကွယ်ဆေးထိုးရန် လိုအပ်သော အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှု အားလုံးပါဝင်သည့် ကာကွယ်ဆေးထိုးခြင်းအတွက် အဆင်သင့်ဖြစ်ရန် အကဲဖြတ်ခြင်းနှင့် ခိုင်မာသည့် မြန်မာနိုင်ငံ ကာကွယ်ဆေးဖြန့်ဝေထိုးနှံမည့်အစီအစဉ် (NDVP) ကို အပြီးသတ်နိုင်ရန် WHO နှင့် UNICEF တို့မှ ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းမှာ ကျန်းမာရေး ဝန်ထမ်းများအား လေ့ကျင့်ပေးရန် အတွက် သင်တန်းလက်စွဲများကို အပြီးသတ်နိုင်ရန် နည်းပညာများ ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့သည် ကာကွယ်ဆေးထိုးခံသူများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကိုလဲ မျက်ခြေမပြတ်ပါ။ WHO၊ UNICEF နှင့် မိတ်ဖက်အဖွဲ့များသည် မြန်မာနိုင်ငံအတွက် COVAX လျှောက်ထားမှုကို ပံ့ပိုးပေးခဲ့ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။
- ဤကပ်ရောဂါသည် ရှည်လျားသောလမ်းကြောင်းတစ်ခုအဖြစ် ရှိနေသေးသည်ကို နားလည်ရန် အရေးကြီးပါသည်။ ကာကွယ်ဆေးများက Covid19 ရောဂါကူးစက်မှုကို အဆုံးသတ်ရန် ကူညီပေးလိမ့်မည်။ သို့သော် အစပိုင်းတွင် ၎င်းတို့ကို အကန့်အသတ်ဖြင့်သာ ရရှိမည်ဖြစ်၍ လူတစ်ဦးခြင်းက လိုအပ်သော ကြိုတင် ကာကွယ်ရေး အစီအမံအားလုံးကို ဆက်လက် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ယင်းတို့တွင် အဓိကကျသော ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးစီမံဆောင်ရွက်ချက်များ ဖြစ်သော ရောဂါရှိသူများကို ရှာဖွေဖော်ထုတ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ သီးခြားနေထိုင်စေခြင်း၊ ကုသပေးခြင်းနှင့် ဗိုင်းရပ်စ်ပိုးပျံ့နှံ့ ကူးစက်ခြင်းနှင့် လူများ သေဆုံးခြင်းမှ ကာကွယ်ပေးခြင်းတို့ ပါဝင်ပါသည်။

## မျိုးရိုးဗီဇကွဲ Covid19 ရောဂါပိုး အသစ်များက ကာကွယ်ဆေးအပေါ် သက်ရောက်မှု ဖြစ်နိုင်ချေ

- မျိုးရိုးဗီဇကွဲ B.1.1.7, Alpha မျိုးကွဲအတွက်ရောဂါမဖြစ်စေရန် ကာကွယ်ဆေး၏ အကျိုးအာနိသင်ကို ဆက်၍ ထိန်းသိမ်းထားသည်။
- မျိုးရိုးဗီဇကွဲ B.1.351 Beta မျိုးကွဲအတွက် ကာကွယ်ဆေး၏ အကျိုးအာနိသင် အနည်းငယ် လျော့နဲနိုင်သည်။ သို့သော် သက်သေ အထောက်အထား အကန့်အသတ်သာ ရှိသည်။
  - PfizerBioNTech ကာကွယ်ဆေးသည် ပြင်းထန်သောရောဂါများတွင် ကာကွယ်ဆေး၏ အကျိုးအာနိသင် ဆုံးရှုံးမှုမရှိ/အနည်းငယ် ဆုံးရှုံးမှုရှိပြီး ရောဂါကူးစက်မှုတွင် ကာကွယ်ဆေး၏ အကျိုး အာနိသင် အတန်အသင့် ဆုံးရှုံးနိုင်ပါသည်။။
  - AstraZeneca ကာကွယ်ဆေးတွင် ကာကွယ်ဆေး၏ အကျိုးအာနိသင်ကို သိသိသာသာ လျော့နည်းစေသည်၊ သို့သော် မပြင်းထန်သော/အလယ်အလတ်ရှိသော ရောဂါများတွင် စမ်းသပ်မှုဦးရေ အကန့်အသတ် ရှိသည်။
  - Janssen Ad26.COV2.5 ကာကွယ်ဆေးသည် ပြင်းထန်သောရောဂါအတွက် ကာကွယ်ဆေး၏ အကျိုးအာနိသင် ဆုံးရှုံးမှုမရှိ/အနည်းငယ် ဆုံးရှုံးမှုရှိပြီး မပြင်းထန်သော၊ အလယ်အလတ်ရှိသောရောဂါများတွင် ကာကွယ်ဆေး၏ အကျိုး အာနိသင်ဆုံးရှုံးမှု အတန်အသင့်ရှိသည်။
- မျိုးရိုးဗီဇကွဲ P.1, Gamma နှင့် B.1.617.2, Delta မျိုးကွဲများအတွက် ရောဂါမဖြစ်စေရန် ကာကွယ်နိုင်စွမ်းရှိနိုင်ပါသည်။ သို့သော် Sinovac vaccine မှ Gamma မျိုးကွဲနှင့် Pfizer BioNTech နှင့် AstraZeneca မှ Delta မျိုးကွဲအတွက် အလွန်နည်းပါးသော အထောက်အထားသာ ရှိသည်။






further Covid19 info available at:

## ၂၀၂၀ ဇန်နဝါရီလမှ ၂၀၂၁ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံ Covid19 တုံ့ပြန်ရေးလုပ်ငန်းများအတွက် WHO မှ သုံးစွဲခဲ့သော ရန်ပုံငွေပမာဏများ

### ခန့်မှန်းခြေ USD ၄.၅ သန်း

| pillar | cost USD |
|---|---|
| Leadership, coordination, planning, and monitoring | 178,296 |
| Risk comms & community engagement | 233,700 |
| Surveillance, rapid response teams, and case investigation | 720,585 |
| National laboratory system including diagnostics roll out | 1,122,570 |
| Infection prevention & control | 312,028 |
| Case management including therapeutics rollout | 389,335 |
| Operational support and logistics | 1,129,525 |
| Maintaining and strengthening essential health services | 330,694 |
| **projected total** | **4,416,733** |

## WHO Myanmar Covid19 fund sources, 2020




- မြန်မာနိုင်ငံတွင် Covid19 ရောဂါကူးစက်ခြင်းမှ ကာကွယ်ခြင်းနှင့်တုံ့ပြန်ခြင်းအတွက် စုစုပေါင်း ရရှိထားသော ရန်ပုံငွေများအား လေ့လာကြည့်ရှုနိုင်ရန် WHO မှ အွန်လိုင်း platform တစ်ခု ကူညီပံ့ပိုးပေးထားပါသည်။ ယင်း platform တွင် မိတ်ဖက်အဖွဲ့အစည်းများမှ သက်ဆိုင်ရာအချက်အလက်များကို တိုက်ရိုက်ထည့်သွင်းနိုင်ပါသည်။ ၂၀၂၀ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်မှ အစိုးရခွဲဝေချထားမှုနှင့် ဘဏ်ချေးငွေ Covid19 USD ၁၉၀.၂ သန်း၊ ကုလသမဂ္ဂ၊ multi laterals၊ INGOs များမှ USD ၇၂.၈ သန်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ထားသော USD ၁၄.၉ သန်းများမှာ Covid19 ရောဂါတုံ့ပြန်ရေး ကဏ္ဍ ၉ ခု အသီးသီးမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား တိုက်ရိုက်ပံ့ပိုးခဲ့ပါသည်။
- WHO နှင့် European Union (EU) တို့ အတူလက်တွဲပူးပေါင်း၍ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှ (၈) နိုင်ငံတို့တွင် Covid19 အားတုံ့ပြန်ခြင်းနှင့် ကူးစက်ရောဂါကပ်ဘေးများကျရောက်လာပါက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ရန် ကူညီပံ့ပိုးပေးပါသည်။ EU မှ အရှေ့တောင်အာရှတွင် “ကပ်ဘေးများတုံ့ပြန်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများအစီအစဉ်” အတွက် ယူရို သန်း ၂၀ ကူညီထောက်ပံ့ပေးထားပါသည်။ ၎င်းရန်ပုံငွေများကို WHO မှ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ထောက်ပံ့သွားပါမည်။ မြန်မာနိုင်ငံအတွက် ရန်ပုံငွေမှာ ယူရိုသန်း ၂.၃၄ ဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွက် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များမှာ ဆောင်ရွက်နေဆဲဖြစ်ပါသည်။
- နိုင်ငံခြားရေးဝန်ကြီးဌာနမှ Covid19 ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်အတွက် ချမှတ်ထားသော ကြိုတင်ကာကွယ်ရမည့် စီမံချက်များအား ၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်လိုက်သည်။
- ၂၀၂၀ ခုနှစ်တွင် ဆေးသုတေသနဦးစီးဌာနမှ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ဒေသအတွင်း Covid19 ပိုးတွေ့လူနာများဆီမှ ဓာတ်ခွဲနမူနာ ၅၂ ခု ဖြင့် genomic sequencing ကို ပြုလုပ်ခဲ့ရာ Covid19 မျိုးရိုးဗီဇအသစ်ကို မတွေ့ရှိခဲ့ပါ။
- NGO စီမံချက်များတွင် Covid19 တုံ့ပြန်ရန် ထည့်သွင်းစဉ်းစားထားမှု ရှိမရှိကို MIMU မှ သုံးသပ်လေ့လာမှုတစ်ခုပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ NGO အဖွဲ့အစည်း ၂၁၃ ခုတွင် အဖွဲ့အစည်း ၅၀ (၂၃ ရာခိုင်နှုန်း)မှာ ၁၈၄ မြို့နယ်တွင် Covid19 အတွက် လုပ်ငန်းစဉ်ဆောင်ရွက်မှုများရှိကြောင်း အစီရင်ခံခဲ့ပါသည်။
- ပြည်နယ်နှင့်တိုင်းအသီးသီးမှ မိတ်ဖက်အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော Covid19 ရောဂါ တုံ့ပြန်ခြင်းလုပ်ငန်းစဉ်များအား တစ်စုတစ်စည်းတည်း တင်ပြထားသော Covid19 3W Dashboard အတွက်လည်း WHO မှ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးပေးထားပါသည်။ မိတ်ဖက်အဖွဲ့အစည်း ၄၃ ဖွဲ့မှ ၁၇၆ မြို့နယ်တွင် Covid19 ရောဂါ တုံ့ပြန်ခြင်း ကဏ္ဍ ၉ ခုအသီးသီးအတွက် ဆောင်ရွက်လျက်ရှိပြီး ပံ့ပိုးမှုအများဆုံးမှာ ကဏ္ဍ ၂ (သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ရပ်ရွာလူထုများနှင့် ထိတွေ့ဆက်ဆံမှု) ဖြစ်ပါသည်။

> **“၂၀၂၁ ဇွန်လ ၁ ရက်နေ့တွင် ကျရောက်သော (၉) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ဆုံးဖြတ်ချက်အရ ရှုပ်ထွေးသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးနှင့်စပ်လျဉ်း၍ ကြေငြာချက်တစ်ခုကိုထုတ်ပြန်ခဲ့ပါသည်။ ကြေငြာချက် အပြည့်အစုံကို *https://bit.ly/352B5nu* တွင်ဖတ်ရှုနိုင်ပါသည်။ ထို့အပြင် ၂၀၂၁ မတ်လ ၁၅ ရက်နေ့တွင် ပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ မီဒီယာတွေ့ဆုံပွဲတွင်လည်း WHO ညွှန်ကြားရေးမှူးချုပ် Dr Tedros Adhanom Ghebreyesus မှ ပြောကြားခဲ့သည်မှာ “တစ်ကမ္ဘာလုံးမှာ ဆီးရီးယားနိုင်ငံ အပါအဝင် မြန်မာနိုင်ငံ၊ ယီမန်၊ အီသီရိုးပီးယားရှိတီးဂရေး အစရှိတဲ့ နိုင်ငံတွေမှာ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သန်းပေါင်းများစွာသော လူတွေဟာ မရှိမဖြစ်လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေမရကြဘူး၊ ကျန်းမာရေး အဆောက်အဦတွေလည်း အဖျက်ဆီးခံရပြီး ကျန်းမာရေးဝန်ထမ်းတွေလည်း တိုက်ခိုက်ခံရသလို ခြိမ်းခြောက်ခြင်းကို ခံစားနေရပါတယ် ဒါတွေဟာ ရပ်တန့်ပစ်ရမှာပါ။”**

**WHO's global surveillance system (monitoring attacks on health)**
**https://extranet.who.int/ssa/Index.aspx**

World Health Organization
Myanmar

World Health Organization - Myanmar
Tel: (95-1) 7534300/307, 7538620 - 621, 7538474 - 476 GPN Ext. 24200
Fax: (95-1) 7538233, 7538435 Email: semmr@who.int
Website: http://www.who.int/myanmar

# ၂၀၂၁ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ WHO မှ ကဏ္ဍအသီးသီးအလိုက် Covid19 ရောဂါတုံ့ပြန်ရေးဆိုင်ရာဆောင်ရွက်ချက်များ

### ကဏ္ဍ(၁) ဦးဆောင်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

- မိတ်ဖက်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကွင်းဆင်းမိတ်ဖက်အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြင့်မားရေးလုပ်ငန်းစဉ်များနှင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် စင်တာများအား ကူညီထောက်ပံ့ခြင်း
- အဓိကအရေးပါသောစီမံကိန်းရေးဆွဲခြင်းနှင့် လမ်းညွှန်ချက်များရေးသားခြင်း၊ မွမ်းမံခြင်းနှင့် စောင့်ကြည့် လေ့လာခြင်းများအတွက် နည်းပညာဆိုင်ရာ ထောက်ပံ့မှုများပေးခြင်း
- Covid19 ရောဂါတုံ့ပြန်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များချခြင်းနှင့် အစီအစဉ်များ ရေးဆွဲခြင်း တို့အတွက် outbreak modelling ဆိုင်ရာ ထောက်ပံ့မှုများပေးခြင်း
- သတင်းအချက်အလက်များအား စီမံခန့်ခွဲခြင်းနှင့် ရန်ပုံငွေအချက်အလက်များအား ကြည့်ရှုနိုင်ရန် နည်းပညာဆိုင်ရာထောက်ပံ့မှုများပေးခြင်း

### ကဏ္ဍ(၂) သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ရပ်ရွာလူထုများနှင့် ထိတွေ့ဆက်ဆံမှု

- RCCE မိတ်ဖက်အဖွဲ့အစည်းများနှင့် ပုံမှန် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခြင်း
- ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာ ဗဟုသုတများ၊ သတင်းစကားများကို ဒေသခံဘာသာစကားများဖြင့် ရေးသား၍ ဖြန့်ဝေပေးခြင်း
- Covid19 နှင့်စပ်လျဉ်း၍ ပြည်သူများ၏ ဗဟုသုတ၊ သဘောထားနှင့် အပြုအမူဆိုင်ရာကို ဆန်းစစ်လေ့လာသည့် ရပ်ရွာလိုအပ်ချက်စစ်တမ်းကောက်ယူရာတွင်လည်း ပံ့ပိုးပေးခြင်း
- လူမှုကွန်ယက်တွင် ပြန့်နှံ့နေသော Covid19 ဆိုင်ရာ သတင်းမှားများ၊ ကောလဟာလများနှင့် လူထုစိုးရိမ်မှုများအား စောင့်ကြည့်လေ့လာခြင်း

### ကဏ္ဍ(၃) ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးတုံ့ပြန်ခြင်းလုပ်ငန်းများ

- Covid19 ပိုးတွေ့လူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ခြင်းမှတစ်ဆင့် ရောဂါစောင့်ကြပ်ကြည့်ရှု စစ်ဆေးတုံ့ပြန်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် နည်းပညာဆိုင်ရာပံ့ပိုးပေးခြင်း
- သတင်းအချက်အလက်နှင့် ဒေတာစီမံခန့်ခွဲမှုအတွက် ပံ့ပိုးပေးခြင်း
- အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ (၂၀၀၅) အရ Covid19 ရောဂါ စောင့်ကြည့်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပံ့ပိုးခြင်း
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ rapid response teams များအား သင်တန်းပေးပို့ချခြင်းနှင့် လုပ်ငန်းလည်ပတ်မှုအတွက် ကူညီထောက်ပံ့ခြင်း

### ကဏ္ဍ(၄) ပြည်တွင်းဝင်ပေါက်များ၊ ခရီးသွားခြင်း၊ ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ Covid19 ရောဂါကာကွယ်ထိန်းချုပ်မှု

- မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများနှင့်စပ်လျဉ်း၍ quarantine လုပ်ငန်းစဉ်များဆိုင်ရာ ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်၍ အကြံပေး ပံ့ပိုးခြင်း
- နယ်စပ်ဒေသရှိ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းဖြတ်သန်းမှုများတွင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အားကောင်းလာစေရန် ကူညီပံ့ပိုးပေးခြင်း

### ကဏ္ဍ(၅) အမျိုးသားအဆင့်ဓာတ်ခွဲခန်းစနစ်

- Covid19 ရောဂါပိုးရှိမရှိ စမ်းသပ်ခြင်းနှင့် ဓာတ်ခွဲခန်းတိုးချဲ့ခြင်း နည်းဗျူဟာများအတွက် ကူညီပံ့ပိုးခြင်း
- Covid19 ရောဂါရှိမရှိ ဓာတ်ခွဲစမ်းသပ်ရန် test kits များ၊ စက်ပစ္စည်းကိရိယာများ၊ consumables and reagents များရရှိနိုင်ရန် ထောက်ပံ့ခြင်း
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဓာတ်ခွဲခန်းဝန်ထမ်းများအား သင်တန်းပို့ချခြင်း
- ဓာတ်ခွဲခန်းရှိ ဒေတာ အချက်အလက်စီမံခန့်ခွဲမှု စွမ်းရည်တိုးတက်နိုင်စေရန် လူ့စွမ်းအားအရင်းအမြစ်များ ကူညီထောက်ပံ့ခြင်း
- WHO နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံသည် Covid19 ရောဂါပိုးစမ်းသပ်ရာတွင် အရပ်သားဘက်မှ ဓာတ်ခွဲခန်း ၇ ခုတွင် PCR platforms ၁၃ ခု၊ ကာကွယ်ရေးဘက်မှ ဓာတ်ခွဲခန်း ၅ ခု၊ ပုဂ္ဂလိက ဓာတ်ခွဲခန်း ၁ ခုနှင့် Rapid Antigen – tests များအပါအဝင် GeneXpert ဓာတ်ခွဲခန်း ၂၉ ခုရရှိခဲ့ပါသည်။

### ကဏ္ဍ(၆) ရောဂါကူးစက်မှု၊ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်မှု

- clinical နှင့် public ဆိုင်ရာရောဂါကူးစက်မှု၊ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်ရမည့်အရာများနှင့် ထောက်ခံချက်များအတွက် နည်းပညာပံ့ပိုးခြင်း
- WHO ညွှန်ကြားရေးမှူးချုပ်၏ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခြင်းအနှစ်ချုပ်၊ Covid19 ကာကွယ်ဆေးထိုးရာတွင် လိုအပ်သော ရောဂါကူးစက်မှု၊ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်မှုဆိုင်ရာ အခြေခံမှုများနှင့် လုပ်ထုံးလုပ်နည်းများ၊ Covid19 one stop ဝန်ဆောင်မှုစင်တာဆိုင်ရာ WHO လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း

### ကဏ္ဍ(၇) Covid19 ရောဂါကုသမှုလုပ်ငန်းများ စီမံခန့်ခွဲခြင်း

- Covid19 ပိုးတွေ့ရှိမှုများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာနောက်ဆုံးပေါ် လမ်းညွှန်ချက်များဖြန့်ဝေခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခြင်း
- ဆရာဝန်များနှင့် ဆေးရုံအုပ်ချုပ်ရေးမှူးများအား Covid19 ရောဂါနှင့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ လူနာများအား ကုသရန် လမ်းညွှန်ချက်များနှင့် လက်တွေ့လေ့ကျင့်မှုများအား သင်တန်းပေးပို့ချခြင်း
- အဓိက မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ case management webinar များ ကျင်းပဆောင်ရွက်ခြင်း
- Clinical cases များ၏ ဒေတာအချက်အလက်များအား စီမံခန့်ခွဲနိုင်ရန် ကူညီထောက်ပံ့ခြင်း

### ကဏ္ဍ(၈) Covid19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလည်ပတ်မှုများနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား ကူညီထောက်ပံ့ခြင်း

- eLMIS စနစ်အားကောင်းလာစေရန် နည်းပညာပံ့ပိုးပေးခြင်း
- Covid19 supply portal ကို အသုံးပြု၍ အကန့်အသတ်ဖြင့်ရရှိသော ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုများမှတစ်ဆင့် ဦးစားပေးပစ္စည်းများအား ဝယ်ယူနိုင်ရန် cross – cutting logistics support ထောက်ပံ့ပေးခြင်း

### ကဏ္ဍ(၉) မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများအား ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် အားကောင်းလာစေရန် ကူညီ ပံ့ပိုးပေးခြင်း

- ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ထိုးခြင်းလုပ်ငန်းများ၊ HIV-TB၊ ငှက်ဖျားရောဂါ၊ အာဟာရပြည့်ဝရေးလုပ်ငန်းစဉ်များ၊ RMNCAH နှင့် မကူးစက်တတ်သောရောဂါများ အစရှိသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများအား ဆက်လက်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော အစီအစဉ်များ ရေးဆွဲရန်အတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များပံ့ပိုးပေးခြင်း
- လက်ရှိတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်လျက်ရှိပြီး ထိခိုက်ပျက်စီးလွယ်၍ ပဋိပက္ခ ဖြစ်နေသောနေရာများ၊ ဝေးလံခေါင်းပါး၍ အသွားအလာခက်ခဲသောနေရာများတွင် မရှိမဖြစ်လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်ရန် ကူညီထောက်ပံ့ပေးခြင်း
- WHO မှဦးစီး၍ Global Fund အား အဆိုပြုချက်တင်သွင်း၍ USD ၁၇.၇ သန်းအား TB, HIV, Malaria တိုက်ဖျက်ရေးလုပ်ငန်းများအပေါ် Covid19 ၏ သက်ရောက်မှု လျှော့ချရန်နှင့် Covid19 ရောဂါပိုးရှိမရှိ စမ်းသပ်သည့် တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲခန်းများအရေအတွက်များပြား ချဲ့ထွင်လာနိုင်စေရန် ပံ့ပိုးပေးခြင်း

### ကဏ္ဍ(၁၀) Covid19 ကာကွယ်ဆေး လက်လှမ်းမီရရှိနိုင်ရေးနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ

- Covid19 ကာကွယ်ဆေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုကော်မတီ၊ အဖွဲ့ခွဲ ၈ ဖွဲ့ ပါဝင်သော Covid19 အလုပ်အမှုဆောင်အဖွဲ့နှင့် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့တို့အား ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းနှင့် နိုင်ငံအတွင်း ကာကွယ်ဆေးထိုးရန်အတွက် regional နှင့် global မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ကာကွယ်ဆေး ဖြန့်ကျက်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကိုလည်း နည်းပညာဆိုင်ရာ အထောက်အပံ့ပေးခြင်း

### ကဏ္ဍ(၁၁) ဆေးသုတေသနလုပ်ငန်းများ

- (ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးဝန်ထမ်းများအပါအဝင်) ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် seroprevalencey survey စစ်တမ်းကောက်ယူရန် နည်းပညာပံ့ပိုးပေးခြင်း
- Covid19 variants များအား ရှာဖွေထုတ်ဖော်ရန်နှင့် အစီရင်ခံရန် genomic and molecular surveillance အတွက် နည်းဗျူဟာများ ပံ့ပိုးပေးခြင်း

**Important dates**

| | | | |
|---|---|---|---|
| **World TB Day** 24 March 2021 | **World Immunization Week** 24-30 April 2021 | **74th World Health Assembly** 24 May - 1 June 2021 | **World Blood Donor Day** 14 June 2021 |
| **World Health Day** 7 April 2021 | **World Hand Hygiene Day** 5 May 2021 | **World Food Safety Day** 7 June 2021 | **Nutrition promotion month** August 2021 |
| **World Malaria Day** 25 April 2021 | **World No Tobacco Day** 31 May 2021 | | |